စက်ရုံလုံခြုံရေးကိစ္စသည် ကျွန်ုပ်တို့ မိသားစုကုန်အမှတ်တံဆိပ်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများတွင် အလွန် အရေးကြီးသည့်ကိစ္စအဖြစ် Fruit of the Loom မှ ယူဆသည်။ သို့ဖြစ်ပါ၍ ဤ စက်ရုံလုံခြုံရေးမူဝါဒကို ကျွန်ုပ်တို့ထုတ်ကုန်များ ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများ ("ထောက်ပံ့သူများ")မှ ဖြည့်ဆည်းပေးရန်လိုအပ်သည့် အခြေအနေများကို ရှင်းရှင်း လင်းလင်းသိစေရန် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထောက်ပံ့သူများအားလုံး ဤ စက်ရုံလုံခြုံရေးမူဝါဒပါအချက်များကို ချက်ချင်း အကောင်အထည်ဖော်ရန်နှင့် ရှေ့လျှောက်အပြည့်အဝ လိုက်နာသွားရန် မျှော်လင့်ပါသည်။

<u>စာရင်းစစ်အစီအစဉ်</u>

Fruit of the Loom မှ အလုံးစုံခြုံငုံသော စက်ရုံလုံခြုံရေးစာရင်းစစ်သည့် အစီအစဉ်ကို ဒီဇိုင်းဆွဲထားပြီး အန္တရာယ်ရှိနိုင်ခြေများကို ဖော်ထုတ်ခြင်းနှင့် ထောက်ပံ့သူများအား မီးဘေးအန္တရယ်မှ ကာကွယ်ရန် ပညာပေးခြင်းများ လုပ်ဆောင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ ထောက်ပံ့သူများ၏ စက်ရုံအားလုံးသည် လွတ်လပ်သော တတိယအဖွဲ့အစည်းမှ လုပ်ဆောင်မည့် မကြေညာဘဲ စက်ရုံလုံခြုံရေး ဝင်ရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်။ ထို့အပြင် Fruit of the Loom ကိုယ်စားလှယ်နှင့် ဝန်ထမ်းများမှ ရှောင်တခင် မကြေညာဘဲစစ်ဆေးသည့် စက်ရုံလုံခြုံရေးဆိုင်ရာ အစီရင်ခံစာတင်ပြခြင်းကို လက်ခံရမည်။ စစ်ဆေးရာတွင် ချို့ယွင်းချက်များတွေ့ရှိပါက ၄င်းအား ပြင်ဆင်ရန် ရက် ၉၀ အချိန်ရမည်ဖြစ်သည်။ အဆိုပါ ရက် ၉၀ အတွင်း Fruit of the Loom မှ ကျေနပ်လောက်သည့် ပြင်ဆင်မှုမျိုး မပြုလုပ်နိုင်ပါက ထောက်ပံ့ပေးသူအား ရပ်တန့်မည်ဖြစ်သည်။

<u>အလုပ်သမား လေ့ကျင့်သင်ကြားခြင်းနှင့် ပါဝင်မှု</u>

စက်ရုံလုံခြုံရေး အစီအစဉ်များ ထိရောက်ရန် အလုပ်သမားများ၏ ပါဝင်မှုနှင့် အဆိုပြုတင်သွင်းမှုများလိုအပ်သည်ဟု Fruit of the Loom မှ ယုံကြည်ပါသည်။ အခြေခံစက်ရုံလုံခြုံရေး စည်းမျဉ်းများကို အလုပ်သမားတိုင်းအား ပညာပေးရန် လေ့ကျင့်ရေးလုပ်ဆောင်ချက်များပြုလုပ်ရန် ထောက်ပံ့သူတိုင်းလိုအပ်သည်။ ထို့အပြင် ထောက်ပံ့သူတိုင်းသည် အလုပ်သမားနှင့် စီမံရေးကိုယ်စားလှယ်များပါဝင်သည့် ကျန်းမာရေးနှင့် လုံခြုံရေးအဖွဲ့ကို ဖွဲ့စည်းရန်လိုအပ်ပြီး မီးဘေးလုံခြုံရေး (အလုပ်ခွင်ဆိုင်ရာအခြားသော လုံခြုံရေးအန္တရယ်ရှိမှုများအပြင်) လုံခြုံရေး တိုးတက်စေမှုကို ရှာဖွေရန် လုပ်ဆောင်ရမည်။ ဤ စက်ရုံတစ်ရုံစီ၏ လုံခြုံရေးမူဝါဒပါ အကြောင်းအချက်များအရ အလုပ်သမား လေ့ကျင့်သင်ကြားပေးခြင်းနှင့် လိုက်နာရမည့်အချက်အလက်များကို Fruit of the Loom ၏ နှစ်စဉ် လုံခြုံရေးအစီရင်ခံစာတွင် အတည်ပြုပေးမည်ဖြစ်သည်။

<u>ကြေညာကပ်ရန် လိုအပ်မှု</u>

ထောက်ပံ့သူများသည် ဤစက်ရုံလုံခြုံရေးမူဝါဒနှင့် လုံခြုံရေးစစ်ဆေးချက်ရလာဒ်များကို (သင့်လျော်သော ပြည်တွင်းဘာသာစကားနှင့် အလုပ်သမားအင်အား ၁၀% အထက် ရွေ့ပြောင်းလုပ်သားရှိပါက သင့်လျော်သောဘာသာစကားဖြင့်) အလုပ်သမားနှင့် လာရောက်လည်ပတ်သူ အားလုံးရောက်ရှိမြင်သာသည့် ထင်ရှားသော နေရာများတွင် ကပ်ထားရမည်။ ထို့အပြင် အစိုးရအရာရှိများမှ တောင်းဆိုပါက စက်ရုံလုံခြုံရေး စစ်ဆေးချက်ရလာဒ်များကို ပေးနိုင်ရပါမည်။

<u>ဘင်္ဂလားဒေ့ရှ် ထောက်ပံ့ပေးသူများ</u>

Fruit of the Loom မှ Alliance for Bangladesh Worker Safety နှင့် ဘင်္ဂလားဒေ့ရှ် မီးနှင့်အဆောက်အဦး လုံခြုံရေးဌာနတို့အပေါ် ထားရှိသည့်သဘောတူညီမှုအရ ဘင်္ဂလားဒေ့ရှ်မှ ထောက်ပံ့သူများ အားလုံးသည် အဆိုပါအစီအစဉ်များအားလုံးကို ပြည့်စုံစေရန် Fruit of the Loom နှင့်အပြည့်အဝ ပူးပေါင်းပေးရမည်။

FRUIT OF THE LOOM. Bestform B.V.D. SPALDING TRUE TO THE GAME. RUSSELL ATHLETIC VANITY FAIR JERZEES